တက်ဆိပ်ကျေးရွာ

ကျောင်းကုန်းမြို့နယ်

ရောဝတီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တက်ဆိပ်ကျေးရွာ၊ ကျောင်းကုန်းမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျောင်းကုန်းမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

မတ်လ၊ ၂၀၂၀

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	တက်ဆိပ်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ကျောင်းကုန်းမြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၆။	**ပညာရေး**	၁၀
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၀
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၁
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၁
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၂
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၁၃
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၁၉
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၁
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၃

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၄ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေး သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ

အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


မတ်လ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တက်ဆိပ်ကျေးရွာ

ကျောင်းကုန်းမြို့နယ်

တက်ဆိပ်ကျေးရွာသယ်ဇာတပြမြေပုံ၊ ကျောင်းကုန်းမြို့နယ်



ရာသီခွင်ပြ ပြက္ခဒိန်

အဖြစ်အပျက်	ဓနိ	ဇေ	မတ်	ဧပြီ	မေ	ဇွန်	ဇူလိုင်	သြဂုတ်	စက်	အောက်	နို	ဒီ
ရာသီဥတု	အေး	နေပူပြင်း	နေပူပြင်း	နေပူပြင်း	နေပူပြင်း	မိုးနည်း	မိုးများ	မိုးများ	မိုးနည်း	အအေးနည်း	အလွန်အေး	အလွန်အေး
အလုပ်အကိုင်	နည်း	များ	များ	နည်း	နည်း	များ	သင့်	နည်း	နည်း	များ	များ	များ
လက်လုပ်လက်စားမိသားစု များဝင်ငွေရရှိမှု (မရှိ/နည်း/များ)	များ	များ	နည်း	နည်း	နည်း	များ	များ	များ	များ	များ	များ	များ
အသုံးစရိတ်	များ	နည်း	နည်း	များ	များ	များ	များ	များ	နည်း	များ	များ	များ
ချေးငွေ လိုအပ်မှု	များ	များ	များ	များ	များ	များ	များ	နည်း	နည်း	များ	များ	များa
ဝမ်းစာ ဖူလုံမှု	များ	များ	များ	များ	များ	များ	များ	များ	နည်း	နည်း	များ	များ
သောက်သုံးရေ ရရှိမှု	လုံ လောက်	လုံ လောက်	မလုံ လောက်	မလုံ လောက်	မလုံ လောက်	လုံ လောက်	လုံ လောက်	လုံ လောက်	လုံ လောက်	လုံ လောက်	လုံ လောက်	လုံ လောက်
တိရစ္ဆာန်အစာ ရရှိမှု	များ	များ	နည်း	နည်း	များ	များ	များ	များ	များ	များ	များ	များ
တိရစ္ဆာန်ရောဂါ ကျရောက်မှု	မရှိ	မရှိ	မရှိ	မရှိ	မရှိ	များ	များ	မရှိ	မရှိ	မရှိ	မရှိ	မရှိ
ကျန်းမာရေး အခြေအနေ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	များ	မရှိ	မရှိ	များ	များ
သီးနှံပိုးမွှားရောဂါ ကျရောက်မှု	များ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	များ	များ	မရှိ	မရှိ	များ	များ
ပွဲတော်		စုံညီပွဲ	-	သင်္ကြန် ပူဇော်ပွဲ	ဆောင်ရေ သွန်း	-	-	-	-	မီးထွန်းပွဲ	ကထိန်	-
သဘာဝဘေးအန္တရာယ်	-	-	-	-	-	-	ရေကြီး			-	-	-

၁။ တည်နေရာနှင့် ပထဝီအနေအထား

တက်ဆိပ်ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ် တက်ဆိပ်ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် တက်ဆိပ်-ညောင်အိုင် ရွာချင်းဆက် ကျောက်ခင်းလမ်းတည်ရှိပြီး ကျောင်းသား၊ ကျောင်းသူ (၈၀)ယောက်ခန့် ညောင်အိုင် အ.ထ.က(ခွဲ)ကျောင်းသို့ သွားရောက်နေသော လမ်းတစ်လမ်းလည်း ဖြစ်ပါသည်။ အနောက်ဘက်တွင် နွေရာသီ ရေနည်းသောင်ပေါ်၍ မိုးရာသီတွင် ရေများရေလျှံရေကြီးတတ်သော မြစ်ချောင်းရှိပါသည်။ ရွာ၏ မြောက်ဘက် အ.မ.က တက်ဆိပ်-ချောင်း၀ (၂)ရွာပေါင်း မူလတန်းကျောင်းရှိပါသည်။ တောင်ဘက်တွင် ဒိုးတန်းကျေးရွာ ကျေးလက်ဆေးပေးခန်းဌာနသို့ သွားရသောမြေလမ်းတို ရွာချင်းဆက်လမ်း ရှိပါသည်။ ကျေးရွာ၏ ရွာအလယ်တွင်လည်း ရွာသူရွာသားများ မိမိဘာသာ ယုံကြည် ကိုးကွယ်မှုပြုရန် "ရွှေမြချမ်းသာ" စေတီတော်မြတ်ဘုရားကြီးနှင့် ဝါတွင်းကာလ ဥပုသ်သီလဆောက်တည်ရန် ဓမ္မာရုံတစ်ဆောင်လည်းရှိပါသည်။ ကျေးရွာအတွင်းတွင် ကရင်၊ ဗမာ တိုင်းရင်းသား (၂)မျိုးသာ နေထိုင်ပြီး ကရင်လူမျိုးမှာ လူနည်းစု ဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာ၏ရာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး အပူအအေးမျှတမှု ရှိပါသည်။ စိုက်ပျိုးနိုင်သည့် မြေဧရိယာမှာ လယ်မြေ(၁၇၀)ဧက ၊ ဥယျာဉ်ခြံမြေ (၁၇)ဧက၊ သီးနှံများမစိုက်ပျိုးသည့် မြေလွတ်မြေလတ် (၂)ဧက စုစုပေါင်း(၁၈၉)ဧက ရှိပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက် ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့် အတင့်ကောင်းမွန်ပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ဂေါပကအဖွဲ့ (ကျား -၅ ဦး)၊ သာရေးနာရေး လူငယ်အဖွဲ့ (ကျား ၁၀ ဦး) ၊ မ(၅)ဦးသည် သဘောတူလုပ်ငန်းခွဲ၍ ဂေါပကအဖွဲ့သည် ကျေးရွာ၏ ဘာသာ သာသနာဖွံ့ဖြိုးတိုးတက်မှုများ အားကောင်းရန် အလေးပေးဆောင်ရွက်ပြီး သာရေး၊နာရေး လူငယ်အဖွဲ့သည် အလှူအတန်းမှန်သမျှကို

အားတတ်သရော ဝိုင်းဝန်းကူညီဆောင်ရွက်ကြပြီး နာရေးပတ်သက်သောလုပ်ငန်း မှန်သမျှကိုလည်း အားကြိုးမာန်တက်ဆောင်ရွက်ကြပါသည်။ ပညာရေးပိုင်းနှင့် ပတ်သက် ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ကျား (၇)ဦး မ(၅)ဦးတို့မှလည်း ကလေးပညာရေးတိုးတက်အောင်မြင်မှု ရရှိရန် ဆရာ၊ဆရာမများ နှင့် အတူ ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါသည်။ ကျန်းမာရေးအထောက်အကူပြုအဖွဲ့ ကျား(၆)ဦး၊ မ(၆)ဦးနှင့် စေတနာရှေ့ထားပြီး ကြံရာနေရာ သွေးလိုအပ်သော အရေးပေါ်လူနာများအား ကျေးရွာလူငယ်များပူးပေါင်း၍ ကျေးရွာပြည်သူ ကျန်းမာရေးကိစ္စအဝဝကို စိတ်ထား ဖြူစင်စွာဖြင့် ကူညီဆောင်ရွက်ပေးကြပါသည်။ နွေရာသီကာလတွင် မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ရန်အတွက် ကျေးရွာမီးသတ်တပ်ဖွဲ့ ကျား(၅)ဦးတို့မှလည်း ရပ်မိရပ်ဖနှင့် ဆွေးနွေးတိုင်ပင်၍ အလေးထား ဆောင်ရွက်ကြပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေး အတွက် စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း တက်ဆိပ် ကျေးရွာလေးတွင် လယ်ယာကိုယ်ပိုင်ရှိသော လယ်သမားများ နည်းပြီး လက်လုပ်လက်စား၊ နေ့စား၊ ကျပန်းအိမ်ထောင်စုများသောကြောင့် လုပ်ငန်းရှားပါးမှုနှင့် ကြုံတွေ့နေရသဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး နှောင့်နှေးခြင်းကို စိုးရိမ်နေကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

တက်ဆိပ်ကျေးရွာတွင် ကိုယ်ပိုင်လယ်လုပ်စပါးစိုက်ပျိုးသော တောင်သူ (၁၄)ဦးရှိပြီး ဧကအများဆုံး စိုက်ပျိုးသော တောင်သူ(၄)ဦးသာရှိသည်။ ကျန်တောင်သူ(၁၀)ဦးမှာ ဧကအနည်းငယ်သာ စိုက်ပျိုးနိုင်သော အိမ်ထောင်စုများ ဖြစ်ပါသည်။ ကျေးရွာတွင် အိမ်ထောင်စု (၁၃၆)အိမ်ရှိပြီး (၁၄)အိမ်ထောင်စုမှာ လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းကို ဧက(၁၇၀) စိုက်ပျိုး ကြပါသည်။ အိမ်ထောင်စု(၂၀)မှာ (၀.၅)ဧက ထက်မကျော်သော ဥယျာဉ်ခြံမြေ စိုက်ပျိုး ကြပါသည်။ ထို့အပြင် ကျေးရွာတွင် တစ်ပိုင်တစ်နိုင်လုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်နှင့် လက်လုပ်လက်စား နေ့စား၊ ကျပန်းလုပ်ကိုင်နေကြသော အိမ်ထောင်စုများလည်း ရှိပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပြီး နွေရာသီတွင် တစ်ချို့လယ်ဧကများသည် အဝီစိရေကိုသာ အသုံးပြုကြသည်။ အဝီစိရေမှာ တစ်နှစ်ပတ်လုံး ရေမရရှိသောကြောင့် ရေလုံလောက်မှု နည်းပါးပါသည်။ စပါးအထွက် နှုန်းမှာ တစ်ဧကပျှမ်းမျှ (၄၅)တင်းသာရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက် (၈)စီးရှိပြီး ရေစုပ်စက် အဝီစိ(၁၁)လုံးရှိပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံ မျိုးစေ့များကိုလည်းမြို့နှင့် အလှမ်းမဝေးသော်လည်း လုပ်ငန်းအတွက် အချိန်အခါမှီ ရရှိနိုင်ရေးအတွက် အဆင်ပြေသလို ဆောင်ရွက်ကြရပါသည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတစ်ဆင့် ရောင်းချနိုင်ကြပါသည်။

မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးနှင့် ခရုများ အနည်းငယ် ကျရောက်ပါသည်။ ၄င်းအပြင် မိုးကြီးသည့်အခါတွင် အနိမ့်ပိုင်း စပါးခင်းများအား ရေလွှမ်းမိုးသောကြောင့် လယ်ယာ မြေများ နံဘေးရှိ ရေနုတ်ရိုးမြောင်းများကို ပြန်လည်တူးဖော်ရန်နှင့် ရိုးမြောင်းများတွင် ယင်းတားရှ် ပိတ်ဆို့ငါးရှာသူများအား မလုပ်ဆောင်ကြပါရန် လိုအပ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် လယ်သမား အိမ်ထောင်စုနည်းသောကြောင့် နွားမွေးမြူထားသည့် အိမ်ထောင်စု (၃) အိမ်ရှိပြီး နွားကောင်ရေ (၇) ကောင်၊ ဝက်မွေးမြူထားသည့် အိမ်ထောင်စု (၄၉) အိမ်မှ (၁၀၅) ကောင် ၊ အိမ်ထောင်စု (၁) အိမ်မှာလည်း CB ဝက်မွေးမြူခြင်းများ လုပ်ကိုင်နေကြပါသည်။ အိမ်ထောင်စု (၁၀၆)အိမ်မှ ကြက်(၄၆၅)ကောင်၊ အိမ်ထောင်စု (၃၉)အိမ်မှ ဘဲ (၁၇၅)ကောင် စသည်ဖြင့် တစ်ပိုင် တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေး နည်းပညာ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေး လုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေး ဝမ်းကျောင်း နည်းပညာနှင့် အသေးစား၊ အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးကြပါသည်။ ထို့ကြောင့် အခြားဒေသများနှင့် နိုင်ငံ ရပ်ခြားဒေသတို့တွင် လုပ်ကိုင်သူ ဦးရေများပြားသဖြင့် လုပ်သားအင်အား ရှားပါးပါသည်။ လယ်ယာသားငါးထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် စျေးကွက်အသင့်အတင့် ရှိသော်လည်း စျေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

လယ်သမားများသည် စိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်တွင် ပုံစံ (၇) ဖြင့် တစ်ကေလျှင် (၁.၅) သိန်းနှုန်းဖြင့် (၁၀) ကေအထိ အလွယ်တကူ ချေးယူ၍ ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးကြပါသည်။ မွေးမြူရေးလုပ်ငန်း များနှင့် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင် များသည် ချေးငွေများ လွယ်ကူစွာ လိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၁၀-၁၅) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် သုံးဘီးဆိုင်ကယ်မောင်းခြင်း၊ ဆိုင်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ သုံးဘီးဆိုင်ကယ်မောင်းသူ (၁)ဦးသာ ရှိခြင်းကြောင့် ဝန်ဆောင်မှုလုပ်ငန်းများ နှောင့်နှေးမှုရှိပါသည်။ ကျေးရွာတွင် စက်ဘီး (၂၅) စီး၊ မော်တော် ဆိုင်ကယ်(၄၉) စီး၊ သုံးဘီးဆိုင်ကယ် (၁)စီး၊ ထော်လာကျီ (၃) စီး စသည်ဖြင့် သယ်ယူ ပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်းတွင် ရွာ၏ အရှေ့ဘက်မှ ရွာတွင်းဝင်လမ်းမ(၁)လမ်း ရွာတွင်း တောင်-မြောက်လမ်းမ(၁)လမ်း၊ ရွာတွင်းလမ်းသွယ်(၁)လမ်းရှိပြီး ထိုလမ်း (၃)လမ်းသည် မြေသားလမ်းများဖြစ်သည့်အတွက် မိုးတွင်းကာလတွင် ရွံ့နွံဗွက်များ ထူပေါသဖြင့် ရဟန်းသံဃာတော်များ၊ ကျောင်းသားကျောင်းသူများနှင့် ကျေးရွာသူကျေးရွာသားများ သွားလာရာတွင် အခက်အခဲများရှိကြပါသည်။ ကျေးရွာ၏ အရှေ့ဘက်ရွာအထွက် ရွာချင်းဆက်လမ်းကို လွှတ်တော်၏ ငွေကြေးထောက်ပံ့မှုဖြင့် ကျောက်ချောလမ်း(၁၀၀၀)ပေ ရရှိအောင် ဆောင်ရွက်ပေးထားသည်မှာ ကျေးရွာအတွက် သွားရေးလာရေး အဆင်ပြေ နေပါသည်။

ကျေးရွာတွင်း တောင်-မြောက်လမ်းမပေါ်တွင် ရွာတွင်းနုတ်မြောင်းကူး ကွန်ကရစ်တံတား(၂)စင်းရှိပြီး (၁)စင်းမှာ အလျှူရှင်များ၏ ကျေးဇူးကြောင့် တောင့်တင်း ခိုင်မာပြီး (၁)စင်းမှာ နှစ်ပေါင်းကြာရှည်နေပြီဖြစ်သည့်အတွက် ခိုင်မာမှုအားနည်းနေပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေး၏ ဆောင်ရွက်မှုဖြင့် (၁)အိမ်သုံး ဆိုလာစနစ်သုံး ဆိုလာမီးလုံး(၃၆)လုံး၊ ရွာတွင်း အော်တိုမီးတိုင် (၅)တိုင်၊ ဘာသာရေး ကျောင်းအတွက် ဆိုလာမီးလုံး(၁)လုံးနှင့် အ.မ.က စာသင်ကျောင်းအတွက် ဆိုလာမီးလုံး (၁)လုံး သုံးစွဲမှုရရှိထားသည်မှာ အဆင်ပြေပါသည်။ အချို့သော အိမ်ထောင်စု (၃၄)အိမ်တွင် ဆိုလာပြားအသေးများ၊ ဘက်ထရီအိုးများကို အားသွင်းပြီး L.E.Dမီးသီးများ ဝယ်ယူသုံးစွဲပြီး တစ်အိမ်သုံးဆိုလာမီးလင်းရေးအတွက် ဆောင်ရွက်ကြပါသည်။ ကျန်အိမ်ထောင်စုများမှာ ဖယောင်းတိုင်၊ ရေနံဆီမီးတိုင်များဖြင့် မီးလင်းရေးအတွက် အဆင်ပြေသလို ဆောင်ရွက် နေထိုင်ကြရပါသည်။ သို့ဖြစ်ပါ၍ တစ်အိမ်သုံးဆိုလာမီးလုံးများ ရရှိနိုင်ပါက အရစ်ကျ စနစ်ငွေကြေးပေးချေပြီး ကျေးရွာမီးလင်းရေးအတွက် သုံးစွဲရန် လိုအပ်နေပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

တက်ဆိပ်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၃၀) လုံး၊ ရေဒီယို (၅၀) လုံး၊ တီဗွီ (၄၃) လုံး၊ ဂြိုလ်တုစလောင်း (၉) လုံး စသည်တို့မှ ရရှိပါသည်။ ဖုန်းများ ဆက်သွယ်မှုအတွက် ကျေးရွာတွင် ဖုန်းတာဝါတိုင်များမရှိသဖြင့် ဖုန်းများ ဆက်သွယ်စကားပြောရာတွင် အနည်းငယ်အခက်အခဲရှိတတ်ကြပါသည်။

၆။ ပညာရေး

ကျေးရွာတွင် တက်ဆိပ်-ချောင်းဝ အခြေခံပညာမူလတန်းကျောင်းရှိပြီး (၂)ရွာရှိ မူလတန်းကျောင်းသားများ မူလတန်းအဆင့် ပညာရေးကို သင်ကြားနိုင်ပြီး ကျေးရွာအုပ်စု အတွင်းရှိ ရွာခွဲ-ညောင်အိုင်ကျေးရွာ အခြေခံပညာ အထက်တန်း(ခွဲ)ကျောင်းတွင် အလယ်တန်းပညာနှင့် အထက်တန်းပညာအဆင့်များကို ဆက်လက်ပညာသင်ယူကြပါသည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသား၊ ကျောင်းသူများလည်း အနည်းငယ်ရှိပါသည်။ ကျေးရွာ၏ မူလတန်းကျောင်းတွင် ကျောင်းဆောင်တစ်ခုသာရှိပြီး ရွာ(၂)ရွာမှ ကျောင်းသား ကျောင်းသူများသာမက အခြားနီးစပ်ရာ ကျေးရွာများမှလည်း လာရောက်ပညာသင်ကြား နေကြသဖြင့် KG ကျောင်းဆောင်သစ်တစ်ဆောင်လိုအပ်နေပါသည်။ လက်ရှိကျောင်းဆောင် သည် (၃၀' x ၆၀')တိုက် ကျောင်းဆောင်ဖြစ်သော်လည်း (၃၀' x ၂၀') အခန်း(၃)ခန်း ခွဲထားသောကြောင့် ကျောင်းသားများစာသင်ကြားရာတွင် အခက်အခဲအနည်းငယ်ရှိနေ ပါသည်။ ထို့အပြင် ကျောင်းသုံးပရိဘောဂများလည်း လုံလောက်မှုမရှိပါ။ ကလေးများ လုံခြုံစွာ ပညာသင်ကြားနိုင်ရေးအတွက် ပျက်စီးနေသော ကျောင်းခြံစည်းရိုးများကိုလည်း

ပြုပြင်ပေးရန် လိုအပ်နေပါသည်။ ကျောင်းသုံးရေမှာလည်း တုံကင်နှိပ် - ပေတိုတွင် ဖြစ်သည့်အတွက် ကလေးများသောက်သုံးရာတွင် ကျန်းမာရေးထိခိုက်နိုင်ပါသည်။ ထို့ကြောင့် ပေရှည်ရေသန့်သောက်သုံးနိုင်ရန်အတွက် လိုအပ်နေပါသည်။

ကျေးရွာတွင် စာမတတ်သည့် လူဦးရေအများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၅၀) ရာခိုင်နှုန်းအထိ များပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၂၀) ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၅) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့်စာတတ်မြောက်သူများမှာ (၈)ဦးတို့ ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူစွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် အခြားကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျက်ရှိပြီး ၂၀၁၇ နိုဝင်ဘာလတွင် ကျေးရွာရှိ ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး လာရောက်ထိုးနှံပေးသည့်အပြင် ၂၀၁၉ နိုဝင်ဘာလ(၂၆-၂၈)ရက်များတွင် ၉လမှ ၅နှစ်အထိ ကလေးသူငယ်များအား ဝက်သက်-ဂျိုက်သို ကာကွယ်ဆေးအပို့ဆောင်း ထိုးနှံပေးပါသည်။

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိခြင်းကြောင့် အခြားကျေးရွာ ကျေးလက်ကျန်းမာရေးဌာနမှ လာရောက်ကာကွယ်ဆေးများ ထိုးနှံပေးကြသော ဆရာ-ဆရာမများအား အထူးပင်ကျေးဇူးတင်ပါသည်။ မိုးတွင်းကာလများတွင် သွားရေးလာရေး အခက်အခဲများရှိသည့်အတွက်လည်း အထူးပင်အားနာဖို့ကောင်းပါသည်။ ထို့ကြောင့် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနများ၏ လက်အောက်ခံ ကျေးလက်ဆေးပေးခန်းနှင့် ဆရာ၊ ဆရာမများ လိုအပ်နေပါသည်။ ကျေးရွာတွင် အရေးပေါ် အရေးကြီး လူနာအခြေအနေတွင် ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသမှု ခံယူရပါသည်။

ကျေးရွာတွင် သောက်သုံးရေများကို တုံကင်ပိုက်ရိုက် ပေတိုတွင်းများဖြင့် အဓိကထား အသုံးပြုကြသော်လည်း ရေသန့်ရှင်းမှု အားနည်းကြပါသည်။ အဝီစိပေရှည် အာဆင်းနစ်လွတ် စက်ရေတွင်း ရရှိရန် လိုအပ်နေကြပါသည်။ ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုကြပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

တက်ဆိပ်ကျေးရွာတွင် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ် လက်စား ကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုဦးရေက များသောကြောင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။

တက်ဆိပ်ကျေးရွာ၏ အနောက်ဘက်တွင် မြစ်ချောင်း(၁)ချောင်း ကပ်လျက်ရှိသဖြင့် မိုးရာသီကာလတွင် ရေကြီးရေလွှမ်းမိုးခြင်းခံရတတ်ပါသည်။ သစ်တောများကို ရှင်းလင်းပြီး စပါးစိုက်ပျိုးရေးများကို ဆောင်ရွက်ကြသဖြင့် သစ်တောများပြုန်းတီးမှု အနည်းငယ်ရှိပါသည်။ မြေလွတ်-ပလပ်မြေများနည်းပါးသဖြင့် တိရိစ္ဆာန်မွေးမြူရာတွင်လည်း အစားအစာရှားပါးသောကြောင့် အားနည်းမှုများရှိပါသည်။ တိရိစ္ဆာန်ရောဂါများသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊ လျှာနာရောဂါနှင့် ကြက်၊ ဝက်တုပ်ကွေးရောဂါများ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

ကျေးရွာတွင် အရံမီးသတ်တပ်ဖွဲ့ဝင်များသည် နွေရာသီ မီးဘေးလုံခြုံရေး လေ့ကျင့်ခန်းသင်တန်းများပို့ချပြီး ကျေးရွာတွင်း အိမ်တိုင်းတွင် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများ ပြုလုပ်ချိတ်ဆွဲထားကြရန် လော်စပီကာ အသံချဲ့စက်ဖြင့် လှည်လည်ကြိုတင် ကာကွယ်ထားကြရန်အတွက် လှုံ့ဆော်ပေးကြပါသည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

တက်ဆိပ်ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရ ပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – တက်ဆိပ်			ကျေးရွာအမည် – တက်ဆိပ်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာတွင်းလမ်းအား မြေရောကျောက်ခင်းခြင်း။	
၂	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	ကျေးလက်ဆေးပေးခန်းချထားပေးခြင်း။	
၃	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	KG စာသင်ကျောင်းဆောင် ဆောက်လုပ်ခြင်း။	
၄	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ရွာချင်းဆက်လမ်းအား ပြုပြင်ခြင်း။	
၅	ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	ရေ	အာဆင်းနစ်ဓါတ်လွတ်ကင်းသော သောက်သုံးရေတွင် ချထားပေးပါရန်။	
၆	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ချောင်းကူးဝါးတံတားအား ပြုပြင်ပေးပါရန်။	
၇	လျှပ်စစ်	မဟာဓါတ်အားလိုင်း	မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းခြင်း။	

တက်ဆိပ်ကျေးရွာ၊ တက်ဆိပ်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမျိုးအောင်	ဦးအေးမြင့်	၁၄/ကကန(နိုင်)၀၀၀၃၆၈	၄၈	ဥက္ကဋ္ဌ	၀၉-၆၈၀၈၁၄၄၁၆
၂	ဦးရွှေဝင်း	ဦးသိန်းဟံ	၁၄/ကကန(နိုင်)၀၃၃၆၀၈	၅၈	အတွင်းရေးမှူး	၀၉-၆၉၃၉၇၈၅၅၂
၃	ဦးမြင့်ဆွေ	ဦးခင်	၁၄/ကကန(နိုင်)၀၃၃၆၃၁	၆၇	ဘဏ္ဍာရေးမှူး(၁)	၀၉-၇၉၁၈၉၈၅၄၄
၄	ဦးတင်ရွှေ	ဦးခင်သိန်း	၁၄/ကကန(နိုင်)၀၃၃၆၃၅	၆၅	စာရင်းကိုင်(၁)	၀၉-၆၇၅၇၁၇၀၇၈
၅	ဦးဟန်စိုး	ဦးစံရင်	၁၄/ကကန(နိုင်)၀၇၉၄၉၉	၄၇	စာရင်းကိုင်(၂)	၀၉-၆၆၂၆၁၄၄၈၀
၆	ဦးတင်အောင်	ဦးသိန်း	၁၄/ကကန(နိုင်)၀၃၃၆၉၁	၆၄	အဖွဲ့ဝင်	၀၉-၆၉၈၁၁၈၇၆၈
၇	ဦးမြဝင်း	ဦးသောင်းဟန်	၁၄/ကကန(နိုင်)၀၃၃၉၁၅	၆၀	အဖွဲ့ဝင်	၀၉-၆၉၂၉၆၂၄၀၆
၈	ဦးတင်ချို	ဦးစံရွှေ	၁၄/ကကန(နိုင်)၀၃၃၈၄၂	၆၀	အဖွဲ့ဝင်	၀၉-၇၇၄၉၀၉၄၈
၉	ဦးထွန်းထွန်းဝင်း	ဦးစံရွှေ	၁၄/ကကန(နိုင်)၀၇၉၄၉၂	၄၄	အဖွဲ့ဝင်	၀၉-၇၉၉၇၈၅၀၉၆
၁၀	ဦးသန်းထွန်း	ဦးတင်သိန်း	၁၄/ကကန(နိုင်)၀၃၃၆၅၈	၅၉	အဖွဲ့ဝင်	၀၉-၇၈၉၈၆၉၈၆၃
၁၁	ဦးဆန်းမြင့်	ဦးကျော်ရှိန်	၁၄/ကကန(နိုင်)၀၃၃၇၁၁၆	၅၉	အဖွဲ့ဝင်	၀၉-၆၉၁၃၉၅၂၇၀
၁၂	ဦးကျော်ဝင်းအောင်	ဦးအေးကို	၁၄/ကကန(နိုင်)၀၉၆၃၃၉၉	၄၀	အဖွဲ့ဝင်	၀၉-၆၈၉၅၇၂၄၁၅
၁၃	ဒေါ်တင်သန်း	ဦးမောင်မောင်တင်	၁၄/ကကန(နိုင်)၀၀၀၃၂၈	၄၇	အဖွဲ့ဝင်	၀၉-၇၆၉၀၆၀၁၈၃
၁၄	ဒေါ်သူဇာခိုင်	ဦးဌေးမြင့်	၁၄/ကကန(နိုင်)၀၈၂၄၂၂	၄၀	အဖွဲ့ဝင်	၀၉-၆၉၆၈၈၁၀၀၉
၁၅	ဒေါ်စန္ဒာဝင်း	ဦးစန်းဝင်း	၁၄/ကကန(နိုင်)၁၂၈၃၆၉	၂၉	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၈	၂	၁၀
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၁၉	၉	၂၈
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၁	၁၈	၂၉
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၀	၁၆	၃၆
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၃၈	၁၇၀	၃၀၈
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၅	၈	၁၃
စုစုပေါင်း		၂၀၁	၂၂၃	၄၂၄
စုစုပေါင်းအိမ်ထောင်စု		**၁၃၆**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစမှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆို သည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀ နှစ်မှ ၁၄ နှစ် ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှာ အသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅ နှစ်မှ ၆၄ နှစ် ဆိုသည်မှာ အသက် (၁၅) နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅ နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ----------

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၄၂	၄၃	-	မြင့်□ လတ် ☑ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့်□
၂	**တိရစ္ဆာန် မွေးမြူ ရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့်□
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ် □ နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင်လုပ်ငန်း	၅	၅		မြင့် □ လတ် □ နိမ့်□
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ် □ နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့်□
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ် □ နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း				
၅	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ် □ နိမ့်□
၆	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး				
၇	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
၈	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
၉	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	ကျွမ်းကျင်ပညာရှင်များ (ဆံပြင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
၁၀	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	လက်လီ–လက်ကား ရောင်းဝယ်ရေး				
၁၁	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့်□
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၂	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
၁၃	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □
	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
၁၄	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၅	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
၁၆	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	ပညာရေး				
၁၇	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	ကျန်းမာရေး				
၁၈	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/				မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
	လူမှုရေးလုပ်ငန်းများ				
၁၉	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ် □ နိမ့် □
	အိမ်များတွင် အဌားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
၂၀	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း	၈၉	၁၃၀		မြင့် □ လတ် ✔ နိမ့် □
	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
၂၁	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ် □ နိမ့်□
	စုစုပေါင်း	၁၃၆	၁၇၈		□

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ ‘ **အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**’ အရေအတွက်တွင် ‘ **မိသားစု ဝင်ငွေ လုပ်အား**’ ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ ‘ **ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)**’ ဆို သည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင် လိုသူများအတွက် အလုပ်အကိုင်အခွင့် အလမ်းရရှိနိုင်မှု အခြေ အနေကို ဆိုလိုပါသည်။ ဥပမာ- **‘စိုက်ပျိုးရေး’** ကဏ္ဍ၏ **‘ကိုယ်ပိုင် လုပ်ငန်း’** တွင် ရပ်တည် နိုင်မှု **‘မြင့်’** ဆိုပါက အဆိုပါလုပ်ငန်း တွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေ သည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ----------

(ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာလုပ်ငန်း	နေ့စား	၃၅၀၀	၂၅၀၀	၃၀၀၀	၂၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	–	–	–	–
၃	ငါးလုပ်ငန်း – ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက် လုပ်ငန်းများ	နေ့စား	–	–	–	–
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	–	–	–	–
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	–	–	–	–
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၃၅၀၀	၂၅၀၀	၃၀၀၀	၂၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	–	–	–	–
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား	၂၅၀၀	၂၀၀၀	၂၀၀၀	၁၅၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆိပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	–	–	–	–
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	–	–	–	–

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ----------

(ဂ) သဘာဝအရင်းအမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ(ဧက)**	**မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
လယ်မြေ	၁၇၉	ကောင်း ▢ သင့် ✔ ညံ့ ▢
ယာမြေ/တောင်ယာမြေ	-	ကောင်း ▢ သင့် ▢ ညံ့ ▢
ဥယျာဉ်ခြံမြေ	၁၆	ကောင်း ▢ သင့် ☑ ညံ့ ▢
ကိုင်း/ကျွန်းမြေ	-	ကောင်း ▢ သင့် ▢ ညံ့ ▢
ဓနိတောမြေ	-	ကောင်း ▢ သင့် ▢ ညံ့ ▢
စားကျက်မြေ	-	ကောင်း ▢ သင့် ▢ ညံ့ ▢
မြေလွတ်မြေလပ်	-	ကောင်း ▢ သင့် ▢ ညံ့ ▢
စုစုပေါင်း	**၁၉၅**	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း၊ - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူ လုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင် နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထား သတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ .....

.....

(၈-၂) ဓာတ်သတ္ထုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္ထုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ကျောက်မျက် စသည်။)	များ □ သင့် □နည်း□ မရှိ ☑	လွယ်□ခက် □ အသုံးမပြုနိုင်ပါ □
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ□ သင့် □ နည်း □မရှိ ☑	လွယ်□ ခက်□ အသုံးမပြုနိုင်ပါ□
သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ ဆေးဖက်ဝင်အပင်များ)	များ□ သင့် □ နည်း ☑မရှိ □	လွယ်□ ခက်☑ အသုံးမပြုနိုင်ပါ□
သဘာဝ တိရိစ္ဆာန်မျိုးစိတ်များ	များ□ သင့် □ နည်း □မရှိ □	☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊အထွေထွေအုပ် ချုပ် ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျောက်၊ သဲနှင့် ကျောက်စရစ်များသည် ကျေးရွာ၏ အနီးပတ်ဝန်းကျင်တွင် မရှိပါ။ ကျေးရွာတွင် သဘာဝဆေးဖက်ဝင် အပင်များနှင့် သဘာဝတိရစ္ဆာန် မျိုးစိတ်များ အနည်းငယ်ရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိသောအိမ်ထောင်စု**	**ဆင်းရဲသော အိမ်ထောင်စု**	**အလွန်ဆင်းရဲသော အိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	၅ ဧကအထက်	၅ ဧကအောက်	၅ ဧကအောက်	မရှိ
အိမ်အခြေအနေ	တိုက်အိမ်	သွပ်မိုး၊ပျဉ်ထောင်၊ ပျဉ်ခင်း၊ ပျဉ်ကာ	သွပ်မိုး၊ပျဉ်ထောင်၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ ဝါးအိမ်	ဖက်မိုး၊ ဖက်ကာ၊ ဝါးခင်း၊ ဝါးအိမ်တိုင်
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား၊ဆိုင်ကယ်၊ ထော်လာကျီ၊ လက်တွန်းထွန်	ကား၊ ဆိုင်ကယ်၊ ထော်လာကျီ၊ လက်တွန်းထွန်	လက်တွန်းထွန်စက်၊ ဆိုင်ကယ်	မရှိ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
	စက်	စက်		
အဓိကစီးပွားရေး လုပ်ငန်း	စပါး၊ ဈေးဆိုင်၊ စားသောက်ဆိုင်	စပါး၊ ဈေးဆိုင်	စပါး၊ ဆိုင်ကယ်ကယ်ရီ၊ ဘေးတွဲ၊ ကုန်စုံဆိုင်	ကြုံရာကျပန်း
အိမ်ထောင်စု	၇	၁၃	၁၂	၁၀၄

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ----------

-

(c) ထိခိုက်လွယ်မှု

(c.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =
၃ လ နှင့် ၆လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက် များကို ဖော်ပြရန်
ဖြစ် မှ ၁၂ လ အထိ ဝမ်းစာဖူလုံမှု	၃၈	အခြားအစားပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = ၃၈ လုပ်အားခကြိုယူ =

ရင်းမြစ် .. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ----------

(ဇ.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖခနစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ……

……

……

……

……

……

……

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဧယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	**ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ)**	**ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၂	သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၆	တိရိစ္ဆာန်ကူးဆက်ရောဂါကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် မိုးရွာသွန်းမှုများပြား၍ လယ်မြေအများစုမှာ ရေဖုံးလွှမ်းမှုများဖြစ်တတ်ပါသည်။မိုးရာသီတွင် ဖြစ်တတ်သောရောဂါများနှင့် တိရစ္ဆာန်များကူးစက်ရောဂါကျရောက်မှုကြောင့် ဆုံးရှုံးမှုအနည်းအကျဉ်းရှိကြောင်း တွေ့ရှိရပါသည်။

(၁.၅.၄)ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျ ရောက်နိုင်သော အိမ်ထောင်စု/ ကူး စက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident)တွင်နေ ထိုင်သူ များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင် နေ ထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သား	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ……
……

(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁)ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ပရဟိတအဖွဲ့	၁□ ၂☑ ၃□	၅	၁၈	၁၅	ပညာရေး□ ငွေကြေး□ ကျန်းမာရေး ✔ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေးလုံခြုံရေးနှင့် ✔ ကာကွယ်ရေး	ကောင်း□ သင့်☑ ညံ့ □
၂		၁□ ၂ □ ၃□	၁၂	၁	၁၃	ပညာရေး□ ငွေကြေး□ ကျန်းမာရေး □ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့်ကာကွယ်ရေး □	ကောင်း□ သင့်□ ညံ့ □

၃		၁□ ၂ □ ၃□	၁၂	၁	၁၃	ပညာရေး□ ငွေကြေး□ ကျန်းမာရေး □ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ ဖြိုးရေး □ လုံခြုံရေးနှင့်ကာကွယ်ရေး □	ကောင်□ သင့်□ ညံ့ □

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ……

……..

……..

……..

……..

(က–၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	**အမည်**	**အဖွဲ့အစည်းအမျိုးအစား** (မှန်ရာတစ်ခုကိုသာရွေးရန်)	**အဖွဲ့အစည်း၏လုပ်ငန်းတာ** **ဝန်များနှင့် အစီအစဉ်** (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်)
၁	Pact Myanmar	၁□ ၂☑ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ငွေကြေး ☑ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □

၂	**မြတ်ကျွန်းသာ**	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း(ပြည်တွင်း/ ပြည်ပ)(ဥပမာ- ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း(ပြည်တွင်း/ ပြည်ပ)(ဥပမာ- Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ-GIZ, UK Aid, US Aid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန် အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ(ဥပမာ-သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီး ဌာန၏မြစိမ်းရောင်စသည်)တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။</u>

လေ့လာတွေ့ရှိချက်။ ။ ……..

……

……

(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၉၈	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၂၃	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၃	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၆	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၆	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၃၆	☐

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ .....

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	ရင်းမြစ်	ရေသောက် (ဧက)	ရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ရာသီအလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်)	**လုံလောက်မှု(ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၄	ရေသွင်းမြောင်း	၆	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၅	အဝီစိတွင်း	၁၀	တစ်နှစ်ပတ်လုံး✔ ရာသီအလိုက် ☐	ရှိ✔ မရှိ☐ မဖြေဆိုပါ ☐
၆	လက်ဝင်ရေတွင်း		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐

၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☐
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက် ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ……..

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၁၇၉	တင်း	၄၀	၆၀	၄၅	ဇွန်	စက်တင်ဘာ	မြင့် ☐ လတ် ☑ နိမ့် ☐	မြင့် ☐ လတ် ✔ ☐ နိမ့် ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း- လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ……..

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	-	-	-	၆
လက်တွန်းထွန်စက်	၈	-	-	၆
အစေ့ချကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	၁၄၄
ရိတ်သိမ်းစက်	-	-	-	-
ခြွေလှေ့စက်	-	-	-	-

ရေစုပ်စက်	၂၄	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	၁၂	-	-	၁၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း-လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ .....

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
သဘာဝရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း ✔ သင့်တင့်မျှတ ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ ✔
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ ☐ အသင်အတင့်ရှိ ✔
ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ	အလွယ်တကူရသည်☐ ရသည် ✔
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည် ✔ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည် ☐
သဘာဝမြေဆွေး/အော်ဂဲနစ် မြေဩဇာနှင့်အခြား အော်ဂနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☑
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☑
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည် ☑ ရနိုင်သည် ☐
နည်းပညာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည် ☐ရနိုင်သည် ☑
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် ☐သီးနှံများကိုရောင်းချနိုင်သည် ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ .....

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာ နှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက်
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန် ☐ ☑
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☑ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☑ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ✔
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင် ☑ လုံဝမရ ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☑ လုံဝမရ ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑ လုံဝမရ ☐
သဘာဝမြေဆွေး/အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂနစ်သွင်းအားစုများ	အလွယ်တကူမရနိုင် ☑ လုံဝမရ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင် ☑ လုံဝမရ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑ လုံဝမရ ☐
နည်းပညာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☑ လုံဝမရ ☐
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ ☑သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐အသင့်အတင့်ကျ ☑ အနည်းငယ် ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ……

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၃	၇
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၄၉	၁၀၅
ကြက်	၁၀၆	၄၆၅
ဘဲ	၃၉	၁၇၅
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်းမွေးမြူရေးလုပ်ငန်း		
ရေချိုငါးဖမ်းလုပ်ငန်း		
ကမ်းလွန်ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ……..

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလို အပ်ဟုယူဆသောအချက်များရှိပါက 'မဖြေဆိုပါ'ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ ☐ အသင့်အတင့် ☑
ရေရရှိမှု	အလုံအလောက်ရနိုင် ☐ အသင့်အတင့်ရနိုင် ☑
မျိုးတိရိစ္ဆာန်လက်လှမ်းမီမှု	မျိုးကောင်းတိရိစ္ဆာန်များ လွယ်ကူစွာဝယ်ယူရနိုင် ☐ မျိုးကောင်းတိရိစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင် ☑
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်☐ ချေးငွေအသင့်အတင့်ရနိုင်☑
သွင်းအားစု(မွေးမြူရေးအစာဆေး စသည်) ဈေးကွက်	သွင်းအားစုများလွယ်ကူစွာ ဝယ်ယူနိုင်သည် ☑ သွင်းအားစုများဝယ်ယူနိုင်သည် ☐
ဝန်ဆောင်မှုနှင့် နည်း ပညာပံ့ပိုးမှု	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများ အလွယ်တကူရနိုင်သည် ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည် ☑
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကိုရောင်းချနိုင်သည် ☑
အိမ်ခြံဝန်းအတွင်းမြေနေရာလုံလောက်မှု	အလုံအလောက်ရှိသည် ☐ အသင့်အတင့်ရှိသည် ☑
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေအနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐
ငါး/ပုဇွန်သားပေါက်လက်လှမ်းမီမှု	လိုသလောက်လွယ်ကူစွာဝယ်ယူရရှိနိုင်သည် ☐ဝယ်ယူရနိုင်သည် ☐
ချေးငွေ	လိုသလောက်လွယ်ကူစွာချေးငွေရရှိနိုင်သည် ☐ ချေးငွေရနိုင်သည် ☐

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလို အပ်ဟုယူဆသောအချက်များရှိပါက 'မဖြေဆိုပါ'ဟူသော အကွက်ကို ရွေးရန်။)
သွင်းအားစုလက်လှမ်းမီမှု	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည် ☐ သွင်းအားစုများဝယ်ယူနိုင်သည် ☐
နည်းပညာအကူအညီနှင့် နည်းလမ်းများ	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများ အလွယ် တကူရနိုင်သည် ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင် သည် ☐
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကိုရောင်းချနိုင်သည် ☐
ငါးဖမ်းခွင့်ရရှိနိုင်မှု	လွယ်ကူသည်☐ အသင့်အတင့်လွယ်ကူသည်☐

လေ့လာတွေ့ရှိချက်။ ။ ……

(၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန် အတွက်ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံး<u>တစ်ခုနှင့်အထက်</u> ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟု ယူဆသောအချက်များရှိပါက 'မဖြေဆိုပါ' ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	စားကျက်မြေရှားပါသည် ☑ စားကျက်မြေလုံးဝမရှိပါ ☐
ရေရရှိမှု	ရေရှားပါးသည် ☑ ရေလုံးဝမရှိပါ ☐
မျိုးတိရိစ္ဆာန် လက်လှမ်းမီမှု	မျိုးကောင်းတိရိစ္ဆာန်များလွယ်ကူစွာဝယ်ယူမရနိုင်ပါ ☑ မျိုးကောင်းတိရိစ္ဆာန်များ လုံးဝဝယ်ယူမရပါ ☐
ချေးငွေ	ချေးငွေလွယ်ကူစွာမရနိုင်ပါ ☑ ချေးငွေလုံးဝမရပါ ☐
သွင်းအားစု(မွေးမြူရေး	သွင်းအားစုများလွယ်ကူစွာဝယ်ယူမရနိုင်ပါ ☑

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံး<u>တစ်ခုနှင့်အထက်</u> ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟု ယူဆသောအချက်များရှိပါက 'မဖြေဆိုပါ' ဟူသော အကွက်ကို ရွေးရန်။)
အစာ၊ ဆေး စသည်) ဈေးကွက်	သွင်းအားစုများလုံးဝဝယ်ယူမရပါ ☐
ဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးမှု	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများ အလွယ်တကူမရနိုင်ပါ ☑ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများမရပါ ☐
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ ☑ ထုတ်ကုန်များကိုမရောင်းချနိုင်ပါ ☐
အိမ်ခြံဝန်းအတွင်းမြေနေရာလုံလောက်မှု	အလုံအလောက်မရှိပါ ☑ လုံးဝမရှိပါ ☐
ငါးလုပ်ငန်း	
